## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေ

( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၆/၂၀၀၅ )

၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) လျှပ်စစ်ဓာတ်အားဆိုသည်မှာ ရေနွေးငွေ့သုံးစက်မှဖြစ်စေ၊ ရေအားသုံး စက်မှဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှဖြစ်စေ၊ သဘာဝဓာတ်ငွေ့သုံးစက် မှဖြစ်စေ၊ အဏုမြူစွမ်းအင်သုံးစက်မှဖြစ်စေ၊ နေရောင်ခြည်စွမ်းအင်သုံးစက်မှ ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ခ) လျှပ်စစ်ဓာတ်အားလုပ်ငန်းဆိုသည်မှာ လျှပ်စစ်ဓာတ်အားရှာဖွေခြင်း၊ လျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း လုပ်ငန်းများကိုဆိုသည်။

(ဂ) ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ် ဆိုသည်မှာ ဤဥပဒေပါ ကိစ္စအလို့ငှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော နယ်နိမိတ်ကိုဆိုသည်။

(ဃ) လျှပ်စစ်ဓာတ်အားသုံးစွဲသူ ဆိုသည်မှာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(င) ဖြုန်းတီးမှုပြုလုပ်ခြင်းဆိုသည်မှာ အဖွဲ့အား နစ်နာစေရန် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အားကို အလဟဿကုန်ခန်းဆုံးရှုံးစေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို ဆိုသည်။

(စ) အဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကိုဆိုသည်။

## အခန်း (၂)
## အဖွဲ့ ဖွဲ့စည်းခြင်း

၃။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်

(က) ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အား လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သူပညာရှင်များ၊ သင့်လျော်သော နိုင်ငံသားများဖြင့် အဖွဲ့ဝင်အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၅ ဦး အထိ ပါဝင်သည့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) အဖွဲ့ဝင်များ ခံစားရမည့် လစာနှင့် အခကြေးငွေကို သတ်မှတ်ပေးရမည်။

၄။ အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးအား တိုက်ရိုက် တာဝန်ခံရမည်။

၅။ အဖွဲ့၏ တွဲဖက်အတွင်းရေးမှူးသည် ရုံးအကြီးအကဲဖြစ်သည်။

၆။ အဖွဲ့သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်။

## အခန်း (၃)

## အဖွဲ့၏လုပ်ငန်းတာဝန်များ

၇။ အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်အတွင်း အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ရန်ကုန်မြို့တော်အား နိုင်ငံတကာအဆင့်နှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်မြင့်မားစေရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လိုအပ်သော လျှပ်စစ်ဓာတ်အားကို လုံလောက်စွာ ရရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဃ) လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု မရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား အပြည့်အဝကောက်ခံရရှိရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(င) လျှပ်စစ်ဓာတ်အားကို သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးတို့ဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံသို့ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ဖြန့်ဖြူးပေးခြင်း၊

(စ) လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံရရှိရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) အဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားလုပ်ငန်းကို စစ်ဆေးခြင်း၊ အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ စစ်ဆေးစေခြင်း၊

(ဇ) လျှပ်စစ်ဓာတ်အားအသုံးပြုခြင်းကို စစ်ဆေးခြင်း၊ အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ စစ်ဆေးစေခြင်း၊

(ဈ) အဖွဲ့၏ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်ရေးနှင့် လုပ်ငန်းခွင်စည်းကမ်း လိုက်နာရေးတို့ကို စီမံဆောင်ရွက်ခြင်း၊

(ည) အဖွဲ့၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း (၄)**

**အဖွဲ့၏လုပ်ပိုင်ခွင့်များ**

၈။ အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်အတွင်း အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည် -

(က) လျှပ်စစ်ဓာတ်အားလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက သတ်မှတ်သည့်နှုန်းထားဖြင့် လိုအပ်သော လျှပ်စစ် ဓာတ်အားကို ဝယ်ယူခြင်း၊

(ဂ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခ နှုန်းထားများကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) လျှပ်စစ်ဓာတ်အားခကို သတ်မှတ်ထားသည့်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက လျှပ်စစ်ဓာတ်အားဖြတ်တောက်ခြင်း၊

(င) လျှပ်စစ်ဓာတ်အားခနှင့် အခြားနည်းဖြင့် ရရှိသည့်ငွေများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်း၊

(စ) အဖွဲ့က လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော နေရာဒေသတွင် လိုအပ်ပါက အဖွဲ့အစည်းတစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှပ်စစ်ဓာတ်အားလုပ်ငန်း တစ်ရပ်ရပ်ကို အခကြေးငွေရယူ၍ စီးပွားရေးအလို့ငှာ လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဆ) လျှပ်စစ်ဓာတ်အားလုပ်ငန်းကို ပိုမိုတိုးတက်စေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ခေတ်မီတိုးတက်သည့် နည်းပညာများဖြင့် စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်နှင့် လျှော့ကြေးချမှတ်ခြင်းတို့ကို စိစစ်ခွင့်ပြုခြင်း၊

(ဈ) လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများနှင့် မသမာသောနည်းဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုမှုများကို စုံစမ်းစစ်ဆေးပြီး လိုအပ်ပါက လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်းနှင့် သတ်မှတ်ထားသော လျော်ကြေးချမှတ်ခြင်း၊

(ည) ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူ တစ်ဦးဦးအား လျော်ကြေးချမှတ်ခြင်း၊

(ဋ) ဤဥပဒေပါ ပြစ်မှုများကို အရေးယူရန် သက်ဆိုင်ရာရဲစခန်းတွင် တိုင်ချက်ဖွင့် ခြင်း သို့မဟုတ် တိုင်ချက်ဖွင့်စေခြင်း၊

(ဌ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့် များကို ကျင့်သုံးဆောင်ရွက်ခြင်း။

၉။ အဖွဲ့သည် မိမိအား ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့အရ အပ်နှင်းထားသော လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့၏ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

## အခန်း(၅)

## ဝန်ထမ်းဖွဲ့စည်းပုံနှင့် ရုံးအဆင့်ဆင့်ဖွဲ့စည်းခြင်း

၁၀။ အဖွဲ့သည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လျှပ်စစ်ဓာတ်အားလုပ်ငန်းများကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

၁၁။ အဖွဲ့သည် လျှပ်စစ်ဓာတ်အားလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်အတွင်း ရုံးအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံး၊

(ခ) ခရိုင် လျှပ်စစ်ဓာတ်အားပေးရေးရုံးများ

(ဂ) မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးရုံးများ

၁၂။ အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ

(က) ဝန်ထမ်းဖွဲ့စည်းပုံအတွင်း လိုအပ်သော ဝန်ထမ်းများအား ခန့်ထားပိုင်ခွင့်ရှိသည်။

(ခ) ဝန်ထမ်းများ၏ လစာနှင့် အခကြေးငွေများကို သတ်မှတ်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူ ခန့်ထားနိုင်သည်။

၁၃။ အဖွဲ့သည် ဝန်ထမ်းများနှင့်ပတ်သက်၍ အားလပ်ခွင့်ပေးခြင်း၊ အငြိမ်းစားပေးခြင်း၊ အရေးယူခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ပြည်သူ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းအတိုင်းဆောင်ရွက်ရမည်။

၁၄။ အဖွဲ့သည် -

(က) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသောဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းအထိ သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)ပါ သတ်မှတ်ထားသော ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက် ရယူရမည်။

၁၅။ အဖွဲ့သည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အလို့ငှာ ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)
## စစ်ဆေးခြင်း

၁၆။ အဖွဲ့သည် လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်း၊ အဖွဲ့ဝင်တစ်ဦးခေါင်းဆောင်သော စစ်ဆေးရေးအဖွဲ့ကို ဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အဖွဲ့၏ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်း ပြုနိုင်သည်။

၁၇။ အဖွဲ့ သို့မဟုတ် အဖွဲ့က ပုဒ်မ ၁၆ အရ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအဖွဲ့နှင့် ပုဂ္ဂိုလ်တို့သည် လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းတို့ကို စစ်ဆေးရန်အတွက် သက်ဆိုင်ရာမြေနှင့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခွင့်ရှိသည်။

၁၈။ အဖွဲ့ သို့မဟုတ် အဖွဲ့ကစစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအဖွဲ့နှင့် ပုဂ္ဂိုလ်တို့သည် -

(က) လျှပ်စစ်ဓာတ်အားလုပ်ငန်း လုပ်ကိုင်သူနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူတို့ကို စစ်ဆေးနိုင်သည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာမြေနှင့် အဆောက်အအုံပိုင်ရှင်တို့ကိုလည်း ခေါ်ယူစစ်ဆေး နိုင်သည်။

## အခန်း (၇)

## ဘဏ္ဍာရေး

၁၉။ အဖွဲ့သည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ ထို့ပြင်မိမိ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းတာဝန်ယူရမည်။ မိမိရန်ပုံငွေမလုံလောက်ပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၏ သဘောတူညီချက်ဖြင့် အစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံမှဖြစ်စေ ချေးငွေရယူနိုင်သည်။

၂၀။ အဖွဲ့သည် မိမိရန်ပုံငွေကို ဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍လည်းကောင်း၊ ရရှိသောနိုင်ငံခြားငွေ ကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲနိုင်သည်။

၂၁။ (က) အစိုးရအဖွဲ့သည် အဖွဲ့တွင် ထားရှိသုံးစွဲနိုင်ခွင့်ရှိသည့် အများဆုံးအသားတင် အမြတ်ငွေ ပမာဏကို သတ်မှတ်နိုင်သည်။

(ခ) အဖွဲ့သည် ပုဒ်မခွဲ (က)အရ သတ်မှတ်သည့် အသားတင်အမြတ်ငွေပမာဏထက် ကျော်လွန်စုဆောင်းရရှိသည့် အသားတင်အမြတ်ငွေများကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည်။

၂၂။ အဖွဲ့သည် -

(က) နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး လွှတ်တော်စစ်ဆေးရေးအဖွဲ့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေတို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်စစ်ဆေးရေးအဖွဲ့ တင်ပြရမည်။

## အခန်း (၈)

## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၂၃။ အဖွဲ့သည် ရုံးအကြီးအကဲက အဖွဲ့၏စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၂၄။ ရုံးအကြီးအကဲသည် -

(က) စာရင်းများကို အဖွဲ့က သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးနည်းများနှင့် အညီ ပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ(က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများနှင့် စပ်လျဉ်း၍ လွှတ်တော်စစ်ဆေးရေးအဖွဲ့ သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကိုခံယူရမည်။

## အခန်း (၉)
## ထိခိုက်နစ်နာမှုအတွက်လျော်ကြေး

၂၅။ အဖွဲ့ သို့မဟုတ် အဖွဲ့ကတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်၏ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်စေ ထိခိုက်ဒဏ်ရာ အနာတရဖြစ်ခြင်း၊ ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်လျှင် ထိခိုက်နစ်နာသူသည် အဖွဲ့ထံမှ အောက်ပါ လျော်ကြေးကို ရရှိစေရမည် -

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားားလျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူ မဟုတ်ပါက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ပေးသော လျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေး အက်ဥပဒေနှင့် အကျုံးဝင်သူ ဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသော လျော်ကြေးနှင့် ပုဒ်မခွဲ(က)အရ သတ်မှတ်သော လျော်ကြေးတို့အနက် များရာလျော်ကြေး။

## အခန်း (၁၀)
## ကျူးလွန်သည့်ပြစ်မှုအတွက် လျော်ကြေး

၂၆။ အဖွဲ့သည် အဖွဲ့က ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်သူ မည်သူကိုမဆို ပျက်စီးဆုံးရှုံးသော အဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားနှင့် အဖွဲ့ပိုင် လျှပ်စစ်ပစ္စည်းကိရိယာတို့၏ ကာလတန်ဖိုး သို့မဟုတ် ယင်းကျူးလွန်မှုကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုအတွက် သတ်မှတ်ထားသော လျော်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ အဖွဲ့သို့ပေးဆောင်စေရန် အမိန့်ချမှတ်ရမည် -

(က) လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် ထုတ်ယူခြင်း၊ ဖြုန်းတီးမှု ပြုလုပ်ခြင်း၊ တရားမဝင် ထပ်ဆင့်ရောင်းချခြင်း၊ တရားမဝင် အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်း။

(ခ) လျှပ်စစ်ပစ္စည်းကိရိယာတစ်ခုခုကို ဖျက်ဆီးခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အားလုပ်ငန်းတစ်ရပ်ရပ်ကို ဖျက်ဆီးခြင်း။

၂၇။ အဖွဲ့သည် အဖွဲ့ကဆောင်ရွက်လျက်ရှိသည့် အဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်သူ မည်သူ့ကိုမဆို သတ်မှတ်ထားသောငွေကို လျော်ကြေးအဖြစ် အဖွဲ့သို့ ပေးဆောင်စေရန် အမိန့်ချမှတ်ရမည် -

(က) အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ အဖွဲ့ပိုင် လျှပ်စစ်ပစ္စည်းကိရိယာတစ်ခုခုကို အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊

(ခ) အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ ဆင့်ပွား ဆက်သွယ်အသုံးပြုစေခြင်း၊

(ဂ) အထွေထွေအိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံးပါဝါမီတာမှ တစ်ဆင့် အသုံးပြုခွင့်မရှိသော စီးပွားရေးလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲခြင်း၊

(ဃ) စက်မှုလက်မှုလုပ်ငန်းသုံး ပါဝါမီတာကို ခွင့်ပြုဝန်အားထက် ကျော်လွန်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်း၊

(င) အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စီးကြောင်းကို လွှဲပေးခြင်း၊

(စ) အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားလိုင်းကို ဖြတ်တောက်ခြင်း။

၂၈။ အဖွဲ့က လျှပ်စစ်ဓာတ်အားအပြည့်အဝဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော နေရာဒေသတွင် အဖွဲ့၏ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားလုပ်ငန်းတစ်ရပ်ရပ်ကို အခကြေးငွေယူ၍ စီးပွားရေး အလို့ငှာ လုပ်ကိုင်သူ မည်သူ့ကိုမဆို အဖွဲ့၏ နစ်နာဆုံးရှုံးမှုအတွက် သတ်မှတ်ထားသောငွေကို လျော်ကြေးအဖြစ် အဖွဲ့သို့ပေးဆောင်ရန် အမိန့်ချမှတ်ရမည်။

## အခန်း (၁၁)
## အယူခံခြင်း

၂၉။ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့အရ လျော်ကြေးနှင့် စပ်လျဉ်း၍ အဖွဲ့က ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် -

(က) လျော်ကြေးပေးဆောင်စေရန် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) အဖွဲ့က သတ်မှတ်သောလျော်ကြေးကို ပေးဆောင်ပြီးမှသာ အယူခံခွင့်ရှိသည်။

၃၀။ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရအယူခံမှုတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အဖွဲ့က ချမှတ်ထားသောအမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ပြုနိုင်သည်။

၃၁။ ပုဒ်မ ၃၀ အရ ချမှတ်သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၂။ လျော်ကြေးပေးဆောင်ရန် အမိန့်ချမှတ်ခြင်းခံရသူသည် အယူခံအမှုတွင် အနိုင်ရရှိပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်နှင့်အညီ လျော်ကြေးကို ပြန်လည်ရထိုက်ခွင့် ရှိစေရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အဖွဲ့ပိုင် လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့်ထုတ်ယူခြင်း၊ ဖြုန်းတီးမှုပြုလုပ်ခြင်း၊ တရားမဝင် ထပ်ဆင့်ရောင်းချခြင်း၊ တရားမဝင်အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်းကို ပြုလုပ်လျှင် ပြစ်မှုဆိုင်ရာဥပဒေအရ ဓာတ်အားခိုးမှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၃၄။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် အဖွဲ့ပိုင် လျှပ်စီးကြောင်းကို လွှဲပေးခြင်း၊ လျှပ်စစ် ဓာတ်အားလိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ပစ္စည်းကိရိယာ တစ်ခုခုကို ဖျက်ဆီးခြင်း (သို့မဟုတ်) လျှပ်စစ်ဓာတ်အားလုပ်ငန်းတစ်ရပ်ရပ်ကို ဖျက်ဆီးခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ရန်ကုန်မြို့တော်ဓာတ်အားပေးရေး နယ်နိမိတ်အတွင်း အဖွဲ့က လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးသော နေရာဒေသတွင် အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားလုပ်ငန်းတစ်ရပ်ရပ်ကို အခကြေးငွေရယူ၍ စီးပွားရေးအလို့ငှာ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိကျခံစေရမည့်အပြင် ပြစ်ဒဏ်ချမှတ်ပြီးနောက် ပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သောရက်များအတွက် တစ်ရက်လျှင် ငွေဒဏ် ကျပ် ၅၀၀၀၀ စီ ကျခံစေရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁နှစ် အထိဖြစ်စေ၊ ငွေဒဏ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၃)

## အထွေထွေ

၃၈။ အဖွဲ့၏ အဖွဲ့ဝင်နှင့် ဝန်ထမ်းများသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သည့်အခါ သို့မဟုတ် ယင်းသို့ဆောင်ရွက်ကြောင်း သဘောသက်ရောက်သည့်အပြုအမူကို ပြုသည့်အခါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၏ အဓိပ္ပာယ်အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၃၉။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်ကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၄၀။ အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်အတွင်းရှိ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက သတ်မှတ်ပေးသည့်အတိုင်း အသီးသီးဆက်ခံရမည်။

၄၁။ အဖွဲ့သည် -

(က) အဖွဲ့က ရရှိသည့် လျှပ်စစ်ဓာတ်အားခနှင့် လျော်ကြေးငွေများပေးဆောင်ရန် ပျက်ကွက်သူထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က)ပါ ကိစ္စရပ်ကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် သင့်လျော်သူတစ်ဦးအား တာဝန်ပေးအပ်နိုင်သည်။

၄၂။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၄၃။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို အဖွဲ့ သို့မဟုတ် အဖွဲ့၏ တာဝန်ရှိပန်ထမ်းတစ်ဦးဦးက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ တိုင်ချက်ဖွင့်ပြီးအရေးယူမှ သာလျှင် စစ်ဆေးစီရင်ပိုင်ခွင့်ရှိစေရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အဖွဲ့တို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ)

(သန်းရွှေ)

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ